တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ စီးပွားရေးလုပ်ငန်းတွေဘာကြောင့်အရေးပါရတာပါလဲ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၌ သံအမတ်ကြီးစကော့မာစီရယ် ပြောကြားသည့်မိန့်ခွန်း

ဇွန် ၃၀၊ ၂၀၁၉

တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေဆိုတာ ကျွန်တော်တို့က ဘာကိုဆိုလိုတာပါလဲ။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ပိုသိချင်ကြမယ့် ဒီကမိတ်ဆွေတွေအတွက် ပိုကောင်းပြီးပြည့်စုံမယ်လို့ထင်ရတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ကျွန်တော့်မှာရှိမယ်လို့ ထင်ပါတယ်။ ကျွန်တော့်အနေနဲ့ အခြေခံကျကျ အဓိပ္ပာယ်ဖွင့်ဆိုရမယ်ဆိုရင်တော့ မိတ်ဆွေတို့အနေနဲ့ စီးပွားရေးလုပ်တဲ့အခါ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ ကျင့်ဝတ်စံချိန်စံနှုန်းသတ်မှတ်ချက်တွေနဲ့လုပ်တာပေါ့။ သို့ပေမဲ့ ကိုယ်စီးပွားရေးလုပ်မယ့် အိမ်ရှင်လူမှု အသိုက်အဝန်း၊ အိမ်ရှင်နိုင်ငံတစ်ခုအတွက် ကျင့်ဝတ်တွေစောင့်ထိန်းဖို့ ကတိကဝတ်ထားရှိရမှာဖြစ်သလို လူ့အခွင့်အရေးတွေကိုလည်း အကာအကွယ်ပေးပြီး မြှင့်တင်ပေးရမှာဖြစ်ပါတယ်။ ဒါဟာစည်းမျဉ်းစည်းကမ်းတွေကို လိုက်နာတဲ့အစိတ်အပိုင်းဖြစ်သလို၊ အဖွဲ့အစည်းဆိုင်ရာ သဘောထားလည်းဖြစ်တဲ့အတွက် ဒီနှစ်ခုစလုံးလိုအပ်ပါတယ်။

ဒါပေမဲ့ ကျွန်တော်ပြောပြမယ်။ ကျွန်တော် ဒီနိုင်ငံတစ်ဝန်း ခရီးသွားခဲ့တုန်းက လူတော်တော်များများနဲ့တွေ့ခဲ့တယ်။ တွေ့ခဲ့တဲ့သူတွေထဲမှာ တစ်ချို့ကပြောတယ် "သံအမတ်ကြီးသိလား၊ ရင်းနှီးမြှုပ်နှံမှုတွေ ကျွန်တော်တို့မလိုချင်ဘူး" တဲ့၊ ကျွန်တော် နည်းနည်းတော့ အံ့သြသွားတယ်။ ဘာဖြစ်လို့ ရင်းနှီးမြှုပ်နှံမှုမလိုချင်တာလဲပေါ့။ ဘာဖြစ်လို့လည်းဆိုတော့ ဒီကလူတွေတစ်ချို့အတွက် သူတို့အတွေ့အကြုံတွေအရ ရင်းနှီးမြှုပ်နှံမှုတွေဟာ သိပ်မကောင်းသေးသလို၊ ကြီးကြီးမားမား မျှားမျှားစားစားလည်းမဟုတ်သေးဘူး။ အဲဒီတော့ ကျွန်တော်ထောက်ပြရမယ်ဆိုရင် ဒါဟာမြန်မာနိုင်ငံအတွက် အထူးခြားကြီးတော့မဟုတ်ပါဘူး။ (ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုမှာလည်းပဲ ရင်းနှီးမြှုပ်နှံမှုနဲ့ဆိုင်တဲ့ ပြဿနာသမိုင်းကြောင်းတစ်ချို့ရှိပါတယ်) လုပ်ခဲ့တဲ့ရင်းနှီးမြှုပ်နှံမှုတွေ၊ စီးပွားရေးလုပ်ငန်းတွေမှာ အကျင့်ပျက်ခြစားမှုတွေက အများကြီးပါလာတယ်၊ ဆော်ရီး ဒီနေရာမှာကျွန်တော် သံတမန်သိပ်မဆန်သလိုဖြစ်သွားရင် ခွင့်လွှတ်ပါ၊ လူမှုရေးနဲ့ပတ်သက်လို့ မကောင်းတာတွေ၊ တောင်သူလယ်သမားတွေအနေနဲ့ သူတို့လယ်ယာမြေတွေ အသိမ်းခံရတာလည်း ဖြစ်နိုင်သလို၊ စီမံကိန်းတွေက သဘာဝပတ်ဝန်းကျင်ကိုထိခိုက်တာတွေ၊ ဒေသခံလူမှုအသိုက်အဝန်းအတွက် ထင်သာမြင်သာ အကျိုးမရှိတာတွေ၊ အစိုးရဆီ အခွန်ဘဏ္ဍာငွေ မရောက်တာတွေပေါ့၊ အဲဒါမျိုးတွေပါလာတယ်။ ဒီလိုမျိုး စီးပွားရေး လုပ်ငန်းတွေဟာ ဟိုးအရင်တုန်းကတော့အများကြီးပျံ့နှံ့နေခဲ့တာပေါ့။ ဒါကဘာလည်းဆိုတော့ လူတစ်စုလောက်ကပဲ ချမ်းသာသွားပြီး နိုင်ငံအတွင်းကျန်တဲ့လူတွေကတော့ ဆင်းရဲလက်စန့် ဆင်းရဲပြီး ကျန်နေခဲ့တာပေါ့။ နောက် ရိုးရိုးသားသားပြောရမယ်ဆိုရင် ဒီလိုပုံစံမျိုးဟာ မြန်မာပြည်သူတွေနဲ့ မြန်မာအစိုးရလိုချင်တာမျိုး မဟုတ်ပါဘူး။

ဆိုတော့ ထပ်ပြောရမယ်ဆိုရင်... ဒါဟာဘာဖြစ်လို့အရေးကြီးတာလဲ။ ဒါနဲ့ပတ်သက်ပြီး အဆုံးသတ် မျှော်မှန်းချက်နှစ်ခုရှိတာကို မိတ်ဆွေတို့ မြင်ကြည့်လိုရကြောင်း ပြောချင်ပါတယ်။ ပထမတစ်ခုက တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ မြန်မာပြည်သူတွေနဲ့ နိုင်ငံအတွက် တိုက်ရိုက်အကျိုးရှိစေတာတွေကို ဆောင်ကြဉ်းပေးပါတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ စီးပွားရေးလုပ်ငန်းဆိုတာ ကမ္ဘာတစ်ဝန်းကအလုပ်သမားတွေဌားရမ်းခန့်ထားတာ၊ အလုပ်သမားတွေကို လေ့ကျင့်သင်တန်းပေးတာ၊ ပြီးတော့ နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ ပြုမှုဆက်ဆံတာကို ဆိုလိုပါတယ်။ ဒီလိုစီးပွားရေးလုပ်ငန်းတွေဟာ ဒေသသခံ လူမှုအသိုက်အဝန်းတွေဆီက ဆွေးနွေးအကြံပြုချက်တွေရယူတယ်၊ ဒေသခံလူမှုအသိုက်အဝန်းတွေပါဝင်စေတယ်၊ အဲဒီ ဒေသခံလူမှု အသိုက်အဝန်းတွေအတွက်အခွန်အခတွေရစေတယ်။ သူတို့ဆောင်ရမယ့်အခွန်တွေဆောင်တယ်။ ဒေသခံစီးပွားရေးလုပ်ငန်းတွေနဲ့ လက်တွဲတယ်။ ပွင့်လင်းမြင်သာမှုရှိတယ်။ ခွဲခြားဆက်ဆံတာမျိုးကိုရှောင်ရှားပြီး မတူကွဲပြားမှုကို မြှင့်တင်ပေးတယ်။ စီးပွားရေးအရ လူမှုရေးတာဝန်ယူမှုကို ဆောင်ရွက်တယ်။ ဒီအရာတွေအားလုံးဟာ ဒေသခံလူမှုအသိုက်အဝန်းအတွက် အရေးကြီးတဲ့ တကယ်အကျိုးရှိစေတဲ့အရာတွေ ဆောင်ကြဉ်းပေးပါတယ်။

ဒီလိုစီးပွားရေးလုပ်ငန်းတွေဟာ အချိန်ကြာလာတဲ့အမျှ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ သာယာဝပြောရေးကိုလည်း မြှင့်တင်ပေးပါတယ်၊ အပြန်အလှန်အားဖြင့် ဒါတွေအားလုံးဟာ စီးပွားရေးလုပ်ငန်းတွေအတွက်လည်း ကောင်းတဲ့အရာတွေဖြစ်ပါတယ်။ ဒုတိယ နည်းလမ်းအနေနဲ့ ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးလုပ်ငန်း အလေ့အထကောင်း ယဉ်ကျေးမှုတစ်ခုကို ပိုပြီးဖန်တီးနိုင်စွမ်း

ရှိလာတာနဲ့အမျှ ကမ္ဘာတစ်ဝန်းက အရည်အသွေးမြင့်ကုမ္ဂဏီအများကြီးကလည်း မြန်မာနိုင်ငံမှာ ပိုပြီး စီးပွားရေး လာလုပ်ချင်ကြမှာ ဖြစ်ပါတယ်။ ကုမ္ဂဏီတွေ လိုက်နာနိုင်မယ့် ဥပဒေတွေနဲ့ စည်းမျဉ်းစည်းကမ်းတွေရှိတဲ့ ဈေးကွက်ရှိမယ်၊ အဲဒီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေကလည်း ရှင်းရှင်းလင်းလင်းရှိမယ်၊ ကုမ္ဂဏီတွေအနေနဲ့ အဂတိလိုက်စားမှုပြဿနာတွေနဲ့ ရင်ဆိုင်ရမယ်လို့လည်း မယူဆဘူးဆိုရင် ကုမ္ဂဏီကြီး၊ ကုမ္ဂဏီကောင်းတွေကို ဒီမှာလာပြီး ရင်းနှီးမြှုပ်နှံဆောင်ရွက်ဖို့ ဖိတ်ခေါ်နေတာပါပဲ။

ပြီးတော့ သံအမတ်ကြီး ရှမစ် မီးမောင်းထိုးပြသွားသလိုပါပဲ၊ အလုပ်သမားနဲ့ဆိုင်တဲ့လုပ်ထုံးလုပ်နည်းတွေ၊ သဘာဝပတ်ဝန်းကျင်နဲ့ဆိုင်တဲ့ လုပ်ထုံးလုပ်နည်းတွေကို ပိုပြီးတိုးတက်ကောင်းမွန်အောင်ဆက်ပြီးဆောင်ရွက်နိုင်မယ်ဆိုရင် ဈေးကွက်တွေ၊ အမေရိကန်အပါအဝင် ပိုပြီးပွင့်လင်းတဲ့ နိုင်ငံတကာဈေးကွက်တွေကို ရနိုင်လာမှာဖြစ်ပါတယ်။ ဥရောပမှာလိုပဲ အမေရိကန် ပြည်ထောင်စုမှာလည်း ကြီးမားတဲ့အရွှေ့ကြီးတစ်ခုရှိပါတယ်၊ အဲဒါကဘာလဲဆိုတော့ စားသုံးသူတွေက သူတို့ဝယ်ယူသုံးစွဲတဲ့ ကုန်ပစ္စည်းတွေဟာ လုံခြုံစိတ်ချပြီး ကောင်းမွန်တဲ့ အလုပ်သမား စံချိန်စံညွှန်းသတ်မှတ်ချက်တွေနဲ့အညီ ထုတ်လုပ်ထားသလို သဘာဝပတ်ဝန်းကျင်ကိုလည်း ဂရုစိုက်တဲ့ ကုန်ပစ္စည်းတွေဖြစ်ရမယ်ဆိုပြီး တောင်းဆိုနေကြတာဖြစ်ပါတယ်။ ဒါကြောင့် အရည်အသွေးတွေ ပိုပြီးကောင်းမွန်တိုးတက်အောင် ဆောင်ရွက်နိုင်လေလေ၊ ဈေးကွက်တွေထဲ ပိုပြီး ထိုးဖောက်နိုင်လေလေ ဖြစ်ပါတယ်။

ဒါကြောင့် စီးပွားရေးဆိုင်ရာ အလေ့အကျင့်ကောင်းတွေ မွေးမြူပျိုးထောင်ပေးတာဟာ ဒေသခံလူမှုအသိုက်အဝန်းအတွက်ရော၊ နိုင်ငံတော်ဘတ်ဂျက်အတွက်ရော၊ သဘာဝပတ်ဝန်းကျင်အတွက်ရော တိုက်ရိုက်အကျိုးဖြစ်ထွန်းစေပါတယ်။ ဒုံအပြင် အင်မတန် အရေးကြီးတာဖြစ်တဲ့ နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းထဲမှာ မြန်မာနိုင်ငံကို အပြည့်အဝ ပါဝင်လာနိုင်အောင်လည်း အထောက်အကူ ဖြစ်စေပါတယ်။ အတွေ့အကြုံတွေအရ ဒါဟာ တကယ်ကိုသာယာဝပြောရေးလမ်းကြောင်းပါ။ နောက်ဆုံးအချက် မြန်မာကုမ္ဂဏီတွေ အတွက်ဆိုရင် နိုင်ငံတကာကုမ္ဂဏီတွေဟာ ဒီမှာစီးပွားရေးလုပ်ဖို့ရှာဖွေနေတာဖြစ်တဲ့အတွက် နာမည်ကောင်းရှိတဲ့ မြန်မာကုမ္ဂဏီတွေနဲ့ လက်တွဲဆောင်ရွက်ဖို့အတွက် နိုင်ငံတကာကုမ္ဂဏီတွေက ရှာဖွေမှာဖြစ်ပါတယ်။ သေချာပါတယ် တစ်ချို့ကတော့ စီးပွားရေးလုပ်ကိုင်မှုမှာ တော်တဲ့သူတွေဖြစ်မှာပါ၊ သူတို့ကောင်းကောင်း လုပ်နိုင်ကြတာကိုလည်းပြသပြီးဖြစ်ပါတယ်။ ဒါပေမဲ့ သေချာတာကတော့ အမေရိကန်ကုမ္ဂဏီတွေအတွက် သူတို့ရဲ့ရိုးသားမှု၊ သူတို့အလုပ်သမားတွေကိုပြုမှုဆက်ဆံပုံ၊ လုပ်ခလစာပေးမှုတွေနဲ့ပတ်သက်ပြီး ကောင်းမွန်တဲ့စီးပွားရေးလုပ်ငန်း၊ နာမည်ကောင်းဆိုတဲ့ အဓိဗွာယ်ဖွင့်ဆိုမှုက ပိုမိုကျယ်ပြန့်ပါတယ်။ ဒါဟာ အမေရိကန်ကုမ္ဂဏီတွေ လက်တွဲဆောင်ရွက်မယ့် ကောင်းမွန်တဲ့ စီးပွားရေးလုပ်ငန်းတွေ ဖြစ်ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ အမေရိကန်ကုမ္ဂဏီတွေနဲ့ပတ်သက်ပြီး အမေရိကန် အစိုးရကအမြဲတမ်းအဓိကထား ပြောနေတာကတော့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ ရင်းနှီးမြှုပ်နှံမှု အရေးကြီးတဲ့အကြောင်းပါ။ ဒီမှာရှိတဲ့ အမေရိကန်ကုမ္ဂဏီတွေအတွက်ရော၊ ကမ္ဘာတစ်ဝန်းမှာ ရှိတဲ့ အမေရိကန်ကုမ္ဂဏီတွေအတွက်ရော ကျွန်တော်တို့ဂုဏ်ယူပါတယ်။ သူတို့ဟာ ဥပဒေကိုလိုက်နာကြတာဖြစ်သလို၊ အဖွဲ့အစည်းဆိုင်ရာခံယူချက်တွေလည်းရှိကြပါတယ်။ ဒီမှာရှိနေကြတဲ့ အမေရိကန်ကုမ္ဂဏီတွေဟာ သူတို့ရဲ့အချိန်တွေပေးကြပြီး မြန်မာလုပ်သားတွေကို မြှင့်တင်ပေးဖို့ လေ့ကျင့်သင်တန်းတွေလည်း ပေးနေကြပါတယ်။ အခွန်လည်းဆောင်ကြပါတယ်။ လာဘ်ပေးဖို့ တွေကိုလည်း ငြင်းဆန်ကြပါတယ်။ သဘာဝပတ်ဝန်းကျင်ကိုလည်း အကာအကွယ်ပေးနေကြပါတယ်။ တရားဥပဒေ လုပ်ထုံးလုပ်နည်းတွေကိုလည်း လိုက်နာကြပါတယ်။ အမေရိကန်ကုမ္ဂဏီတွေ အကုန်လုံး လုံးဝကောင်းတယ်လို့တော့ ကျွန်တော်ပြောနေတာ မဟုတ်ပါဘူး ဒါပေမဲ့ အားလုံးခြုံကြည့်မယ်ဆိုရင် ကျွန်တော်တို့မှာ တော်တော်ကောင်းမွန်တဲ့မှတ်တမ်းရှိပါတယ်။

နောက်ဆုံးအနေနဲ့ ကျွန်တော်ပြောချင်တာကတော့ ကုန်သွယ်မှုတွေတိုးလာတာ၊ ရင်းနှီးမြှုပ်နှံမှုတွေတိုးလာတာကို ကျွန်တော်တို့ မြင်တွေ့နေရကြပြီ ဆိုတာပါ။ တစ်ခါတလေ ပြန်ကြားရတာတွေရှိပါတယ် အဲဒါကတော့ မြန်မာနိုင်ငံထဲမှာ ရင်းနှီးမြှုပ်နှံမှုကို အရှေ့ဘက်ကပဲလာမှာဆိုတာပါ။ ကျွန်တော်အခုပြောချင်တာက အဲဒါဟာ အမှန်မဟုတ်ဘူးဆိုတာပါ။ ဒီလိုပြောလို့ အရှေ့ဘက်ကလာမယ့် ရင်းနှီးမြှုပ်နှံမှုကို လက်ခံရာမှာ စိတ်ပျက်အောင်ပြောတာမဟုတ်ပါဘူး။ အရှေ့ကလာတဲ့ရင်းနှီးမြှုပ်နှံမှုက အရည်အသွေး ကောင်းတယ်ဆိုရင် လုံးဝသေချာပေါက် သူတို့ဆီကလည်း လက်ခံရမှာပါ။ ဒါပေမဲ့ အနောက်ဘက်မှာရှိတဲ့၊ အမေရိကန် ပြည်ထောင်စုမှာရှိတဲ့ ကုမ္ဂဏီကြီး၊ ကုမ္ဂဏီကောင်း တော်တော်များများဟာ ဒီကို လာနေကြပြီဆိုတာ အသိပေးချင်ပါတယ်။ ဒီမှာ ကောင်းမွန်တဲ့စီးပွားရေးတွေလုပ်ဖို့၊ စီးပွားရေးတွေ အသေအချာလုပ်ဖို့ အသည်းအသန်လုပ်နေကြတာပါ။ မြန်မာအစိုးရက ဖော်ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပြန်ပြီး တုံ့ပြန်နေကြ ပါပြီ။ စီးပွားရေးပြုပြင်ပြောင်းလဲမှုအသစ်တွေ ပေါ်လာတာနဲ့အတူ

နောက်ထပ် အမေရိကန်ကုမ္ပဏီတွေ ဒီကိုလာပြီး အခွင့်အလမ်းတွေ ရှာဖွေနေတာကို ကျွန်တော်တို့မြင်တွေ့နေရပါပြီ။ ဒီနေ့အထိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရဲ့ ကြိုးစားအားထုတ်မှုတွေအတွက် ကျွန်တော်ဂုဏ်ယူပါတယ်။

ပြီး